စာစဉ်-၆

အံ့ဖွယ်စိုက်ပျိုးရေးစနစ်



# စူပါ-ဖမ်း(SFS)
# အခန်း ၈၁
# ပိုက်ဆံကို ရေလိုသုံးခြင်း
*

အရင်းရှင်ဆိုသည်မှာ သွေးစုပ်ဖုတ်ကောင်များပင် ဖြစ်သည်။

လင်းယန်သည် တောတောင်ကြားထဲတွင် နေထိုင်သူဖြစ်သော်လည်း ဤအချက်ကိုတော့ ကောင်းကောင်း နားလည်ပါသည်။

ယွမ်ကျင့်ဂရုက ချင်းရှန်းရွာကို ခရီးသွားလုပ်ငန်းအတွက် ဆွေးနွေးရန် လာစဉ်ကတည်းက ထိုအရုပ်ဆိုးလှသော မျက်နှာစာ

များကို သူ မြင်တွေ့ခဲ့ရပြီးဖြစ်သည်။

ကျင်းယွမ်ဟန်က သူ့အပေါ် ပေးသော အထင်အမြင်မှာ မဆိုးလှသော်လည်း၊ လင်းယန်က ထိုကဲ့သို့သော လူမျိုးများကို သဘောကျသည်ဟု မဆိုလိုပါ။ "အရမ်းကြီး မမုန်းဘူး" ဟုသာ ဆိုနိုင်သည်။

သို့သော် သွေးကင်ဆာကို ကုသနိုင်သည့် ဆေးသစ်ထုတ်လုပ်ရာတွင် နိုင်ငံခြား အရင်းရှင်များပါ ဝင်ရောက်လာမည်ဆိုလျှင်တော့... သူ၏ မုန်လာဥနီများသည် ထိုအရင်းရှင်များ ငွေရှာရန် ကိရိယာသက်သက် ဖြစ်သွားနိုင်သည်ဟု လင်းယန် တွေးမိသည်။ ဤသည်မှာ သူ လုံးဝ မမြင်ချင်သော အခြေအနေပင်။

သို့သော် သူ တကယ်တမ်း ဘာလုပ်နိုင်မှာလဲ?

"ပိုက်ဆံလိုသေးတာပဲ။ ငါ့လက်ထဲမှာရှိတဲ့ ယွမ်သန်းတစ်ထောင်က ဟို အရင်းရှင် သူဌေးကြီးတွေနဲ့ ယှဉ်ရင်တော့ သမုဒ္ဒရာထဲက ရေတစ်စက်လောက်ပဲ ရှိမှာ။"

လင်းယန် သက်ပြင်းချလိုက်မိသည်။ ပိုက်ဆံလိုသေးတာပါပဲ! အခုချိန်မှာ သူ့ရဲ့ ပိုင်ဆိုင်မှုက လက်ဖက်ခြောက်တွေနဲ့ စန္ဒကူးနီသားတွေကို အမြဲဖက်ထားတဲ့ ချင်အဖေလောက်တောင် မရှိသေးပါဘူး။

"လယ်ပဲ သေချာဆက်စိုက်ရမယ်။"

လင်းယန်သည် အနည်းငယ် ပြည့်ဖြိုးလာသော စူးရှိရှိ၏ ပါးလေးကို အသာဆွဲလိမ်လိုက်ရာ သူမမှာ ရှက်သွေးဖြာသွားတော့သည်။ ထို့နောက် သူက ပြုံးရွှင်စွာဖြင့် ထွန်စက်ရှိရာဆီသို့ ပြေး

သွားတော့သည်။

လောလောဆယ် ကိုယ့်ဘဝလေး အဆင်ပြေနေရင် ပြီးတာပဲလေ။ အများကြီး တွေးနေတော့ ရော ဘာထူးမှာလဲ?

ဤ 'ကင်ဆာတိုက်ဖျက်ရေး မုန်လာဥနီ' က သူ့အတွက် မည်မျှ ကြီးမားသော ဂယက်ရိုက်ခတ်မှုများ ယူဆောင်လာမည်ကို လင်းယန် လုံးဝ မသိသေးပါ။

သူကတော့ သူ့လက်အောက်က စိုက်ပျိုးရေး လုပ်ငန်းများကိုသာ ပို၍ အာရုံစိုက်နေသည်။ နိုင်ငံတော်ကို အမှန်တကယ် အကျိုးပြုနိုင်သော 'စူပါမုန်ညင်းစေ့' လောက်တော့ ဘယ်ဟုတ်ပါ့မလဲ။

ထိုအကြောင်းများကို တွေးမိရင်း လင်းယန် ငေးမောသွားသည်။

"အဘိုးစူးတို့၊ လောင်ဝမ်တို့လို လူတွေနဲ့ အတူနေတာများလာတော့ ငါလည်း နိုင်ငံတော်အတွက် အကျိုးပြုချင်တဲ့ စိတ်တွေ ကူးစက်လာသလား မသိဘူး။"

"ဟူး..." လင်းယန် သက်ပြင်းချလိုက်သည်။

ဒါက မကောင်းဘူးလို့ ပြောတာမဟုတ်ပါဘူး။ သူက သာမန် လယ်သမားတစ်ယောက်ပဲလေ။ ပိုက်ဆံလေး နည်းနည်းပိုရှာချင်ရုံ သက်သက်ပါ။ နိုင်ငံအတွက် တကယ်တမ်း ဘယ်လောက် လုပ်ပေးနိုင်မှာမို့လို့လဲ?

ကိုယ့်ရဲ့ မြေကေ ၉၀၀ ကိုသာ သေချာ

ထိန်းသိမ်းဖို့ စဉ်းစားရမယ်!

အာ... နေဦး... ဘယ်လိုလုပ်ပြီး နောက်ထပ် မြေဧက ၁၀၀ ထပ်တိုးလာတာလဲ?

ဒါကတော့ ထွန်စက်တွေ ရလာပြီးတဲ့နောက် မြေရိုင်းတွေကိုပါ ထပ်ဖော်လိုက်လို့ ဖြစ်လာတာပါ။

"နောက်ရက်ကျရင် လမ်းဖောက်တဲ့ ကုမ္ပဏီဆီကနေ မြေတူးစက်တွေ ငှားပြီး ဒီကွဲနေတဲ့ လယ်ကွက်တွေကို တစ်ကွက်တည်းဖြစ်အောင် ပေါင်းပစ်ရမယ်။"

လင်းယန် စိတ်ကူးယဉ်နေသည်။ ဒီတောင်တန်းတွေကြားမှာ အဲ့ဒီလို လုပ်ဖို့ဆိုတာ တောင်ကိုဖြို၊ ပင်လယ်ကိုဖို့တာနဲ့ အတူတူပါပဲ။

ကုန်ကျစရိတ်က အလွန်ကြီးမားလှပြီး ထပ်ထွက်လာမည့် သီးနှံတန်ဖိုးနှင့် ဘယ်လိုမှ မကာမိနိုင်ပေ။

စနစ်သာ မရှိဘူးဆိုရင် ဘယ်သူမှ ဒီလို ရှုးကြောင်ကြောင် အလုပ်ကို လုပ်မှာ မဟုတ်ပါဘူး!

"အင်း... ငါးကန်တစ်ခုလောက်ပါ တူးလိုက်ရင် ကောင်းမယ်။ ဒီမှာ ငါးမွေးဖို့က တော်တော်လေး အဆင်ပြေတယ်။" လင်းယန် မေးစေ့ကိုပွတ်ရင်း တွေးလိုက်သည်။ "မြေကွက်တွေကို တစ်ဆက်တည်း ဖြစ်အောင် လုပ်နိုင်ရင် စက်ကိရိယာတွေနဲ့ အကြီးအကျယ် လုပ်လို့ရပြီလေ။"

"အဲ့ဒီအခါကျရင် နိုင်ငံခြားကနေ မှာထားတဲ့ စိုက်ပျိုးရေး စက်ကြီးတွေက တကယ် အသုံးဝင်

မဝင် စမ်းကြည့်လို့ ရပြီ။"

ထိုစက်ကြီးများကို ဝယ်ရန်အတွက် လင်းယန် ပိုက်ဆံ အများကြီး သုံးခဲ့ရသည်။ အချို့သော 'အယူအဆအဆင့်' တွင်သာ ရှိသေးသည့် စက်များကိုပင် သူ ငွေပုံပေးပြီး ဝယ်ယူခဲ့သည်။

ဝန်ခံရမည်ဆိုလျှင်...

ဤစိုက်ပျိုးရေး စက်ကိရိယာများက သူ၏ 'စုဆောင်းချင်စိတ်' ကို လုံးဝ နှိုးဆွပေးလိုက်ခြင်းပင်။ တခြား သူဌေးတွေက ပိုက်ဆံရှိလာရင် ဇိမ်ခံကားတွေ စုဆောင်းကြပေမဲ့ သူကတော့ ပိုက်ဆံရှိလာတဲ့အခါ စိုက်ပျိုးရေး စက်ကြီးတွေကို စုဆောင်းနေတာလေ။ သူ့ဝါသနာက တကယ်ကို ထူးဆန်းလှပါတယ်။

ဒါပေမဲ့ တချို့ ထွန်စက်တွေက တကယ့်ကို အိပ်မက်ဆန်ဆန် လှပလွန်းပြီး၊ အလွန်ကို ခန့်ညားထည်ဝါလွန်းတယ်လို့ လင်းယန် မပြောဘဲ မနေနိုင်ပါဘူး။ ဒါက သူ့ကို တော်တော်လေး အံ့သြစေခဲ့တယ်။

ဒီရက်ပိုင်းအတွင်း လင်းယန်သည် ကျန်းနန် စိုက်ပျိုးရေးတက္ကသိုလ်မှ 'စိုက်ပျိုးရေးစက်မှု အလိုအလျောက်စနစ်' မေဂျာမှ ကျောင်းသား များနှင့်လည်း စကားအများကြီး ပြောဖြစ်ခဲ့ သည်။

အဓိက အကြောင်းရင်းကတော့... လင်းယန်ဆီ မှာရှိတဲ့ စက်ကိရိယာတွေက သူတို့ ကျောင်းမှာ ရှိတာထက် အများကြီး ပိုများပြီး ပိုကောင်းနေ လို့ပါပဲ!

ပြီးတော့ နေ့တိုင်းလိုလို စက်အသစ်တွေ

ရောက်ရောက်လာတာကိုး။

ဒါက ကျောင်းသားတွေကို "ပါမောက္ခလင်းကတော့ ပိုက်ဆံတွေကို ရေလိုသုံးနေတာပဲ!" ဟု ညည်းတွားသွားစေသည်။ ဝယ်ထားတဲ့ စက်တွေက လယ်ဧကေ သောင်းချီပြီး စိုက်ဖို့တောင် လုံလောက်နေပြီလေ။ ပြီးတော့ ပင်လယ်ပြင်မှာ သင်္ဘောနဲ့ လာနေတုန်းဖြစ်တဲ့ စက်ကြီးတွေတောင် မပါသေးဘူး။

ဒါက ထိုမေဂျာမှ ကျောင်းသားများကို ပို၍ပင် စိတ်လှုပ်ရှားသွားစေသည်။

"ပါမောက္ခလင်းက တကယ် မိုက်တာပဲ၊ ငါတို့ကို လေ့လာဖို့အတွက် ဒီလောက်များတဲ့ စက်တွေကို ဝယ်ပေးထားတာ။"

"တချို့စက်တွေဆိုရင် ကမ္ဘာပေါ်မှာ အဆင့်

အမြင့်ဆုံးတွေပဲ၊ တစ်စီးကို ယွမ်သန်းချီတန်တယ်နော်!"

"ဟို… ဂျာမနီက လာတဲ့ မုန်လာဥနီ ရိတ်သိမ်းတဲ့ စက်ကြီးလေ… အခုထိ ငါ နားမလည်သေးဘူး။"

"မင်း ဖြုတ်ထားတဲ့ အစိတ်အပိုင်းတွေရော ပြန်တပ်ပြီးပြီလား?"

"ရှူး… တိုးတိုးလုပ်ပါ၊ ပြန်တပ်လိုက်တော့ ပိုနေတဲ့ အစိတ်အပိုင်းတွေ ထွက်လာလို့… ဘယ်နားကမှန်း မသိတော့ဘူး။ နောက်နေ့ကျရင် ပါမောက္ခလင်းကို 'ဒီစက် ပြုပြင်ထိန်းသိမ်းမှု လုပ်ဖို့ လိုနေပြီ' လို့ သွားပြောရမယ်။"

"အပိုတွေ! အဲ့ဒီစက်က လဝက်အတွင်းမှာ ပြုပြင်ထိန်းသိမ်းမှု ၃၀ လောက် လုပ်ပြီးနေပြီ! မင်းတို့ ဘာတွေ ကလိနေလဲဆိုတာ ဘယ်သူမသိဘဲ နေမလဲ!"

"ဟက်... ဒါလေး နားလည်သွားရင် ပြီးတာပဲလေ။ အဲ့ဒီအခါကျရင် ပါမောက္ခလင်း ဘယ်နှစ်စီးလိုချင်လဲ... ငါ ကိုယ်တိုင် တည်ဆောက်ပေးလို့ ရပြီ။"

"ဒီနေရာက တကယ့် နိဗ္ဗာန်ဘုံပဲ... ကျောင်းတောင် မပြန်ချင်တော့ဘူး။"

"ငါတို့ ပါမောက္ခတောင် ဒီမှာ လာပြီး လယ်စိုက်ချင်နေတယ်လို့ ကြားတယ်။ စိုက်ပျိုးရေးစက်တွေကို အလိုအလျောက်ဖြစ်အောင်လုပ်ချင်

ရင် အပင်တွေ ကြီးထွားတဲ့ဖြစ်စဉ်ကို အရင် နားလည်ရမယ် ဆိုပြီးတော့လေ။"

"ပါမောက္ခလင်းနဲ့ လယ်စိုက်ရတာ အရမ်း သက်သောင့်သက်သာ ရှိတာပဲ။ ဒီမှာပဲ တစ်သက်လုံး လယ်စိုက်နေချင်တော့တယ်။"

"စကားများမနေနဲ့တော့၊ ဒီစက်တွေကို အမြန် ပြောင်နေအောင် သုတ်။ မနက်ဖြန် လယ်ထဲ ထပ်ဆင်းရဦးမယ်။"

ကျောင်းသားများသည် အဝတ်စများကို ကိုင် ကာ အသုံးပြုပြီးခါစ စက်များကို အသေးစိတ် သန့်ရှင်းရေး လုပ်နေကြသည်။

လင်းယန် ဤမြင်ကွင်းကို ကြည့်ပြီး နှုတ်ခမ်း

လေး တွန့်သွားသည်။ "မနက်ဖြန်လည်း ရွှံ့တွေ ပေဦးမှာပဲ၊ ဒီလောက်ထိ နေ့တိုင်း ပြောင်နေအောင် သုတ်စရာ မလိုပါဘူး" လို့ သူ ပြောချင်နေမိသည်။

စိုက်ပျိုးရေးစက်ဆိုတာ အဖိုးတန်ပစ္စည်းမှ မဟုတ်တာ။ ခံနိုင်ရည်ရှိပြီး အသုံးဝင်ဖို့က အရေးအကြီးဆုံးပဲလေ။

နိုင်ငံခြားက စက်အချို့က အရမ်း အနုစိတ်လွန်းတော့ တစ်ခါတလေ အရမ်းနုနယ်လွန်းတယ်။ အစိတ်အပိုင်းတွေက များလွန်းတော့ အလယ်မှာ တစ်ခုခုပျက်သွားရင် တစ်စီးလုံးကို ဖြုတ်ပြီး စစ်ဆေးနေရတယ်။

ဒီရက်ပိုင်း အဲ့ဒီ စက်ကြီးတွေကို သုံးကြည့်ပြီးတဲ့နောက် လင်းယန် တော်တော်လေး မကျေနပ်

ဖြစ်လာသည်။

"ပျက်တဲ့နှုန်းက အရမ်းများလွန်းတယ်!" အလုပြထားဖို့လောက်ပဲ ကောင်းတယ်။

"ဒီ စက်မှုအလိုအလျောက်စနစ်ကျောင်းသား တွေ သေချာ လေ့လာပြီး ငါတို့မြေနဲ့ ကိုက်ညီမယ့် စက်တွေ ထုတ်လုပ်နိုင်ရင်တော့ ကောင်းမယ်။ နိုင်ငံခြားက စက်တွေက ဒီကိုရောက်လာတော့ ရေမြေ မကိုက်ညီသလို ဖြစ်နေတယ်။" လင်းယန် သက်ပြင်းချလိုက်သည်။

ဒီလောက်များတဲ့ စက်တွေကို သုံးကြည့်ပြီးတဲ့နောက် သူ သတိထားမိတာ တစ်ခုကတော့၊ ဒီ စက်တွေထဲမှာ အကောင်းဆုံးက နိုင်ငံခြားက စက်ကြီးတွေ မဟုတ်ဘူး။ ပြည်တွင်းက နာမည်ကြီး အမှတ်တံဆိပ်တစ်ခုက ထုတ်တဲ့

'စိုက်ပျိုးရေးသုံး ဒရုန်း' တွေပဲ ဖြစ်သည်။

ပိုးသတ်ဆေး ဖြန်းတာလောက်တင် မဟုတ်ဘဲ၊ အဲ့ဒီ ဒရုန်းတွေကို အမျိုးမျိုး ကလိပြီး သုံးလို့ ရနေတာပဲ။ စပါးမျိုးစေ့ချတာတောင် ဒရုန်းနဲ့ လုပ်လို့ရနေပြီလေ!

လင်းယန်ရဲ့ လယ်တွေမှာ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေး မသုံးတော့ ဒရုန်းနဲ့ မျိုးစေ့ချတာက သိပ်အဆင်မပြေသေးပေမဲ့... ဒါက သူ့အတွက် လမ်းစတစ်ခုတော့ ဖြစ်သွားစေပါတယ်။

"အင်း... ပိုက်ဆံ နည်းနည်း ထပ်စုပြီး အဲ့ဒီ ဒရုန်းကုမ္ပဏီမှာ ရှယ်ယာဝင်ရမယ်။ ပြီးရင် ငါ့အတွက် သီးသန့် အသုံးဝင်မယ့် စိုက်ပျိုးရေးသုံး ဒရုန်းတွေကို ထုတ်လုပ်ခိုင်းရမယ်။"

ဒီလိုတွေးလိုက်တော့ လင်းယန် ချက်ချင်း အားတက်သွားသည်။

ပိုက်ဆံက မလောက်သေးဘူးပဲ!

***